# ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

## G ပင်စင်

G ပင်စင် ထိပ်သို့

## 1 ပြည်သူ့ပင်စင်

### 1-2 ပင်စင်လစာ၏အမျိုးအစား

#### (1) သက်ကြီးအခြေခံပင်စင်

ပင်စင်စုဆောင်းငွေအားပေးဆောင်သည့်ကာလ၊ ပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ရထားသည့် ကာလနှင့် ပေါင်းထည့်ရန် အကျုံးဝင်သည့် ကာလများ၏ စုစုပေါင်းသည် ၁၀နှစ်ထက်ကျော်လွန်ပါက အသက် ၆၅နှစ်မှစ၍ သက်ကြီးအခြေခံပင်စင်လစာ ထုတ်ယူနိုင်သည်။ ပေါင်းထည့်ရန် အကျုံးဝင်သည့်ကာလဆိုသည်မှာ "အလွတ်ကာလ" ဟုခေါ်ကြသည့်အရာဖြစ်ပြီး၊ ၁၉၆၁ခုနှစ် မေလ ၁ရက်နေ့နောက်ပိုင်းတွင် ဂျပန်နိုင်ငံသား ဖြစ်လာသူ (သို့) ရာသက်ပန်နေထိုင်ခွင့် ရသူများအား နိုင်ငံခြားတွင် နေထိုင်သည့်ကာလထဲမှ နိုင်ငံသားဖြစ်မှု (သို့) နေထိုင်ခွင့် ရမှု မတိုင်ခင်ကာ (အသက် ၂၀အထက် ၆၀အောက် ကာလ) စသည်များဖြစ်ပြီး၊ ပင်စင်လစာပမာဏတွက်ချက်ရာတွင် အသုံးမပြုသော်လည်း၊ ပင်စင်စနစ်ဝင်ထားသည့်ကာလအဖြစ် တွက်ချက်ပါသည်။

#### (2) မသန်စွမ်းအခြေခံပင်စင်

ပြည်သူ့ပင်စင်ဝင်ထားသောကာလတွင် မသန်စွမ်းဖြစ်ရသည့် အကြောင်းရင်းဖြစ်သည့် ရောဂါ၊ ဒဏ်ရာများနှင့် ပတ်သက်၍ ဆရာဝန် (သို့) သွားဆရာဝန်၏ ကုသမှုကို ခံယူခဲ့သူများနှင့် အသက်၂၀မတိုင်မီ ထိခိုက်မှုကြောင့် မသန်စွမ်းသူ ဖြစ်လာရသည့် အခါတို့တွင် ထုတ်ပေးသော ပင်စင်ဖြစ်ပါသည်။ စုဆောင်းငွေ ပေးသွင်းသည့် အနေအထားပေါ်မူတည်၍ ထုတ်မပေးသည့်အခါ လည်း ရှိပါသည်၊ အသက်၂၀ မပြည့်မီ ထိခိုက်မှုနှင့် ပတ်သက်၍မူ ဝင်ငွေနှင့်အခြားအခြေအနေများအပေါ် မူတည်၍ ပင်စင်လစာ ထုတ်နှုန်း အကန့်အသတ်ရှိပါသည်။ (ကာယကံရှင်၏ဝင်ငွေက ယန်း၃၆၀၄၀၀၀ ကိုကျော်လျှင် စသည်)

#### (3) မိသားစုပင်စင်

ပြည်သူ့ပင်စင်စနစ်ဝင် သို့မဟုတ် သက်ကြီးပင်စင်ထုတ်ယူနိုင်ရန်လိုအပ်သောသတ်မှတ်ကာလ(မူအားဖြင့် (၂၅)နှစ်)ကို ဖြည့်တင်းထားသောသူများသည် သေဆုံးခဲ့လျှင် ကျန်ရစ်သွားသည့် အသက်(၁၈)နှစ်မပြည့်သည့် ကလေးများရှိသည့် အိမ်ထောင်ဖက် သို့မဟုတ် ကလေးများ (အသက် ၁၈နှစ်ပြည့် သွားသည့် အစိုးရ ဘဏ္ဍာနှစ်ပြီးသည့် အချိန်ထိ။ သို့တည်းမဟုတ် မသန်စွမ်းသည့်ကလေးက အသက်၂၀ ပြည့်သည့်အချိန်ထိ) အတွက် မိသားစုပင်စင်ကို ထုတ်ပေးပါသည်။

သို့သော်လည်းသေဆုံးသွားသောသူသည် ပင်စင်စုဆောင်းငွေကို ပင်စင်စနစ်ဝင်ကာလ၏ (၃)ပုံ(၂)ပုံထက်ပို၍ ပေးဆောင်ထားရန်လိုအပ်ပါသည်။